# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 19 , 2025 | Volume 96 , Number 11


| ၁၉-၁၁-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၂.၂၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၁.၂၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၈.၃၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၉၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၆.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၄ ကျပ် |



CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


# မြန်မာနိုင်ငံတွင် ဒေါ်လာငါးသိန်းခန့်တန်ဖိုးရှိ စီမံချက် ၁၀ ခု အိန္ဒိယဆောင်ရွက်မည်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမဲ့ QIP စီမံချက် ၁၀ ခုကိုအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးလိုက်ပြီး အဲဒီစီမံချက် ၁၀ ခုရဲ့ စုစုပေါင်းတန်ဖိုးဟာအမေရိကန်ဒေါ်လာငါးသိန်းနီးပါးရှိတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကနေ သိရပါတယ်။

စီမံချက်ဆောင်ရွက်ဖို့နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးတာကို နိုဝင်ဘာ ၁၇ ရက်က နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပြီး အဲဒီစီမံချက်တွေကို အခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မှာဖြစ်ပါတယ်။

ဖော်ဆောင်မဲ့ စီမံချက်တွေကတော့ မှတ်တမ်းမော်ကွန်းတွေကို ဒစ်ဂျစ်တယ်နည်းနဲ့ ထိန်းသိမ်းခြင်း မြှင့်တင်ရေး စီမံချက်၊ အင်းလေးဒေသရှိ လျှော်ဒဏ်သင့်တိုင်းရင်းသားတွေအတွက် အိမ်သုံးဆိုလာစနစ်တွေ ထောက်ပံ့ခြင်း စီမံချက်၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာမြတ်မုနိဘုရားမှာ လျှော်ဒဏ်ကြောင့် ပျက်စီးခဲ့တဲ့ အနုပညာလက်ရာတွေ အစားထိုးရေးဆွဲခြင်းစီမံချက်၊ မြန်မာနိုင်ငံ နို့စားကျွဲမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၊ မြန်မာနိုင်ငံရှိ သမဝါယမအသင်းသား တောင်သူတွေထံ မှတ်ပုံတင်ထားပြီး အရည်အသွေးမြင့်မားတဲ့ ဝါနဲ့မတ်ပဲမျိုးစေ့တွေ ပံ့ပိုးခြင်းဖြင့် လယ်ယာကုန်ထုတ်စွမ်းအားမြှင့်တင်ရေးစီမံချက်တွေဖြစ်ပါတယ်။

ဒါ့ပြင် JCB အမျိုးအစား Breaker Gun ပါဝင်တဲ့ မြေတူးကော်တင်စက်(အသေး) တစ်စီးဝယ်ယူခြင်းစီမံချက်၊ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့တဲ့ အဆောက်အအုံတွေအတွက်ပုံစံမပျက်စစ်ဆေးတဲ့စမ်းသပ်ကိရိယာတွေဝယ်ယူခြင်းစီမံချက်၊Offline အင်္ဂလိပ်ဘာသာစကားသင်တန်းတည်ထောင်ဖွင့်လှစ်ခြင်းစီမံချက်၊လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်းဝါနဲ့မတ်ပဲမျိုးတွေရရှိရေးလုပ်ငန်းစီမံချက်နဲ့ဆိုလာစွမ်းအင်သုံးရေတင်ခြင်းစီမံချက်တွေလည်း ပါဝင်တယ်လို့ ဆိုပါတယ်။

နားလည်မှုစာချွန်လွှာတွေကို မြန်မာဘက်က သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူတွေနဲ့ အိန္ဒိယအစိုးရ ကိုယ်စားမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲတို့က လက်မှတ်ရေးထိုးခဲ့ကြတာပါ။စီမံချက်အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံကိုယ်စားလှယ်တွေပါဝင်တဲ့ စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ပူးတွဲကော်မတီတွေဖွဲ့စည်းပြီး ကြီးကြပ်အကောင်အထည်ဖော်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ အိန္ဒိယနိုင်ငံက QIP စီမံချက်အဖြစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ စီမံချက် ၅ ခု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ စီမံချက် ၁၀ ခု အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သလို နောက်လာမဲ့ ဘဏ္ဍာနှစ်အလိုက် QIP စီမံချက်တွေကို ဆက်လက်ဆောင်ရွက်နိုင်ဖို့လည်း အိန္ဒိယအစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ပဲတီစိမ်း၊ ပဲစင်းငုံနီနှင့် မတ်ပဲ ဈေးကွက်အခြေအနေ

နိုဝင်ဘာလတတိယပတ်တွင် မန္တလေးကုန်စည်ဒိုင်၌ပဲမျိုးစုံ၊ ပြောင်းနှင့် ဆီထွက်သီးနှံမျိုးစုံအရောင်းအဝယ် ပုံမှန်ရှိနေသော်လည်း၊ ပို့ကုန်ပဲများမှာ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

နိုဝင်ဘာလ တတိယပတ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ပဲတီစိမ်း၊ ပဲစင်းငုံနီ နှင့် မတ်ပဲဈေးနှုန်းများမှာပဲတီစိမ်း ၅၆ ဒသမ၂၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၂၀,၀၀၀ မှ ၃၄၀,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၃၃၀,၀၀၀ မှ ၃၅၀,၀၀၀၊ ယခင်လ ကျပ် ၃၂၅,၀၀၀ မှ ၃၃၀,၀၀၀ ဖြစ်သည်။

ယခင်တစ်ပတ်ထက် ၁၀,၀၀၀ ကျပ် ဈေးနိမ့်လာပြီး၊ ယခင်လထက် အနိမ့်စ ၄၀၀၀ ကျပ် ခန့်ဈေးနိမ့်လာကာ အမြင့်စ ၁၀,၀၀၀ ကျပ်ခန့် ဈေးမြင့်လာသည်။

ပဲစင်းငုံနီ ၆၀ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၂၄၃,၀၀၀ ကျပ် ၊ ယခင်တစ်ပတ် ကျပ်၂၄၅,၀၀၀ မှ ၂၄၆,၀၀၀၊ ယခင်လ၂၄၃,၀၀၀ ကျပ်ဖြစ်သည်။ယခင်တစ်ပတ်ထက် ကျပ်၂၀၀၀ မှ ၃၀၀၀ ခန့်ဈေးနိမ့်လာပြီး၊ယခင်လအတိုင်း ဈေးငြိမ်လျက်ရှိသည်။

မတ်ပဲ ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၂၄၅,၀၀၀ ကျပ် ၊ ယခင်တစ်ပတ် ကျပ် ၂၁၅,၀၀၀မှ ၂၄၅,၀၀၀ ၊ ယခင်လ ကျပ် ၂၅၀,၀၀၀မှ ၂၅၅,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက်အနိမ့်စ ၃၀,၀၀၀ ကျပ် ခန့် ဈေးမြင့်လာပြီး ၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၁၀,၀၀၀ ခန့် ဈေးနိမ့်လာသည်။

**Source :** https://myantrade.gov.mm/

## နှမ်းမျိုးစုံ အရောင်းအဝယ်သွက်နေ

နိုဝင်ဘာလတတိယပတ်တွင် မန္တလေးကုန်စည်ဒိုင်၌ နှမ်းမျိုးစုံဈေးကွက်အခြေအနေမှာ အရည်အသွေးပေါ်မူတည်၍ ရောင်းဝယ်မှုဖြစ်နေပြီးအရောင်းအဝယ်သွက်နေကြောင်း သိရသည်။

နှမ်းနက်(စမုန်) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၇၃၀,၀၀၀ မှ ၇၈၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၇၄၀,၀၀၀ မှ ၇၆၅,၀၀၀၊ ယခင်လကျပ် ၇၂၀,၀၀၀ မှ ၇၆၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် အနိမ့်စ ၁၀,၀၀၀ ကျပ် ခန့်

ဈေးနိမ့်လာပြီး အမြင့်စ ၁၅,၀၀၀ ကျပ် ခန့်ဈေးမြင့်လာကာ ယခင်လထက် ကျပ် ၁၀,၀၀၀ မှ ၁၅,၀၀၀ ခန့်ဈေးမြင့်လာသည်။

နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၈၀,၀၀၀ မှ ၂၈၅,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၈၅,၀၀၀ မှ ၂၉၀,၀၀၀၊ ယခင်လ ကျပ် ၃၀၅,၀၀၀မှ ၃၁၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ၅၀၀၀ ကျပ် ၊ ယခင်လထက် ၂၅,၀၀၀ ကျပ် ခန့် ဈေးနိမ့်လာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၀,၀၀၀မှ ၂၇၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၅,၀၀၀မှ ၂၆၇,၀၀၀၊ ယခင်လကျပ် ၂၇၅,၀၀၀မှ ၂၇၈,၀၀၀ဖြစ်သည်။ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၈၀၀၀ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၅၀၀၀ ခန့် ဈေးနိမ့်လာသည်။

**Source :** https://myantrade.gov.mm/

## ပြည်တွင်းစက္ကူဈေး အဆမတန်မြင့်တက်နေသဖြင့် မိတ္တူ၊ ဓာတ်ပုံနှင့် ဒီဇိုင်းလုပ်ငန်းများ အခက်တွေ့နေ



ပြည်တွင်းတွင် စက္ကူဈေးအဆမတန် မြင့်တက်မှုသည် နိုဝင်ဘာလဆန်းပိုင်းက စတင်ကာပိုမိုသိသာလာခဲ့သဖြင့် တစ်ပိုင်တစ်နိုင် မိတ္တူ၊ ဓာတ်ပုံနှင့် ဒီဇိုင်းလုပ်ငန်းများ ယခင်ထက်အားနည်းလာကြောင်း တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်များကပြောသည်။

လက်ရှိပြည်တွင်းစက္ကူဈေးကွက်တွင် A4 စက္ကူစာရွက် (80 g) တစ်ပုံးလျှင် ၁၃၃,၈၅၀ကျပ်၊ Photo Paper 4 x 6 ၏ အရွက် ၁၀၀ ပါ တစ်ထုပ်လျှင် ၈၂၅၀ ကျပ်နှင့် Sticker Paper ၏ အရွက် ၁၀၀ ပါတစ်ထုပ်လျှင် ၁၈,၇၀၀ ကျပ် အထိဈေးမြင့်တက်နေကြောင်းသိရသည်။

"Photo Paper 4 x 6 တစ်ခုဆိုရင် အရင်က ၂၀၀ ကျပ်ကနေ အခု ၇၀၀ ကျပ်။ အဲဒီလိုပဲ ရန်ကုန်အပါအဝင် တခြားနယ်တွေမှာလည်း အဲဒီလိုပဲဖြစ်သွားတယ်။ အရင်က ၂၀၀ ကနေ ၃၀၀၊ အဲဒီကနေ ၅၀၀ ကနေ ၇၀၀ အဲဒီလိုတက်သွားတာ။ Sticker ဆိုရင် ၁၈၅၀၀ ကျပ်ကနေ အခုဆိုရင် ၄၅,၀၀၀ ကျပ် A4 ဆိုရင် အရင်က တစ်ပုံးမှ ၃၀,၀၀၀ ကျပ်ကနေ ၄၀,၀၀၀ ကျပ် အခုဆို A4တစ်ပုံးကို ၁ သိန်းကျော်သွားပြီ"ဟု မိတ္တူ၊ဓာတ်ပုံနှင့်ဒီဇိုင်းလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိတွင် ပွင့်လင်းရာသီဖြစ်သဖြင့် အလှူပွဲနှင့်မင်္ဂလာဆောင်ပွဲများစွာရှိလာသဖြင့် ဖိတ်စာရိုက်ခြင်းလုပ်ငန်းများ ကောင်းမွန်ချိန်ဖြစ်သော်လည်း စက္ကူနှင့်ဆက်စပ်ပစ္စည်းများ ဈေးနှုန်းမြင့်တက်မှုများကြောင့် လုပ်ငန်းလည်ပတ်မှုအားနည်းလာပြီဖြစ်ကြောင်းငင်းကဆိုသည်။

"ဈေးတက်တာက ထက်ဝက်ကျော်ကြီးကို တက်သွားတာ။ မင်ဈေးတွေပါတက်တာ။ ဈေးတက်တော့မယ်ဆိုရင် ကုန်သည်တွေက ဈေးကိုဖျက်လိုက်တာ၊ အဲဒီတော့ မင်တွေလည်း ဝယ်လို့မရတော့ဘူး၊ ပြန်ဝင်မယ်၊ ဘယ်တော့လောက် ဝင်လာမလဲဆိုပြီး ဝင်လာတော့ ဈေးကတက်ကုန်ရော။ အလုပ်အကိုင်တွေကတော့ အရင်ကလောက်တော့ မလုပ်တော့ဘူး။ ပတ်ဝန်းကျင်ကလည်း အခြေအနေမကောင်းတာရယ်။နောက်ပြီးဒီလုပ်ငန်းကိုပဲစုပြုံလုပ်တာရယ်ကြောင့် အရင်ကလိုမကောင်းတော့ဘူး။ အခုက အလှူတွေ၊ မင်္ဂလာဆောင်တွေကလုပ်ရပေမဲ့ အရင်လိုလူ ၈၀၀ ဖိတ်မဲ့လူက ၈၀၀ မဖိတ်တော့ဘူး၊ ၅၀၀ ဆိုတော်ပြီဖြစ်သွားတာ"ဟု ၎င်းကပြောသည်။

ထို့ပြင် စက္ကူအရည်အသွေးပိုင်းတွင်လည်း အားနည်းမှုတွေရှိလာပြီး ယခင်ကအသုံးပြုခဲ့သော စက္ကူအရည်အသွေးမျိုးရှာဝယ်ရာတွင်လည်း ဈေးကွက်မရှိဖြစ်နေကြောင်း ၎င်းကဆိုသည်။

လက်ရှိတွင် ပြည်တွင်းလိုအပ်ချက်ပြည့်မီရန် ပြည်ပမှစက္ကူတင်သွင်းမှုကို ကော့သောင်း–ရနောင်း ရေကြောင်းလမ်းကိုသာ အသုံးပြုနေရပြီး တစ်ခါတင်သွင်းပါက ကွန်တိန်နာ ၂ လုံးခန့်သာ တင်သွင်းနေရကြောင်း ပြည်ပမှစက္ကူတင်သွင်းသူ လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"မြန်မာနိုင်ငံကို စက္ကူတင်သွင်းမှုမရှိတာ တစ်နှစ်လောက်ရှိပြီ။ အရင်ကဆိုရင် လိုသလောက် တင်သွင်းမှုရှိတယ်။ အခုက ကွန်တိန်နာတစ်လုံး ၂လုံးလောက်ပဲဝင်တော့လက်ကျန်မရှိဘူးဖြစ်နေတာ"ဟုၾငင်းကပြောသည်။

ထို့အတူ ပြည်တွင်းပုဂ္ဂလိက ပုံနှိပ်တိုက်လုပ်ငန်းများအတွက်လည်း စက္ကူနှင့်မင်ပြတ်လပ်မှုဖြစ်မည်ကိုစိုးရိမ်နေရပြီး အပတ်စဉ်ဝယ်ယူမှုများက ပစ္စည်းရရှိရန်အာမခံချက်မရှိသည့်အတွက် စက္ကူအပါအဝင်ဆက်စပ်ပစ္စည်းများစွာကို ပမာဏများစွာကို ဝယ်ယူထားရကြောင်း ပုံနှိပ်တိုက်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"ပစ္စည်းကတော့ ဂျာနယ်အတွက် စိုးရိမ်လို့တော့ပြောထားတာပဲ။ ကျွန်တော်တို့က အမြဲတမ်းလည်း ကြိုပြီးတော့ ဝယ်ထားတယ်လေ။ ဈေးကတော့ အရင်ကနဲ့စာရင်တော့ တရိပ်ရိပ်တက်တာပေါ့။ များများဝယ်ထားတော့ မသိသာဘူးပေါ့နော်။ တစ်ပတ်ချင်းဝယ်တဲ့လူကတော့ နည်းနည်းသိသာတာပေါ့။ စက္ကူပြတ်သွားမှာကြောက်လို့ ကြိုဝယ်နိုင်ရင်ဝယ်လိုက်တာပေါ့။ အခုက စက္ကူတင်မဟုတ်ဘူး။ မင်တို့ဘာတို့ ပစ္စည်းတွေကို ကြံဖန်ဝယ်ပြီး သုံးနေရတာပဲ။ အရင်ကတော့ ပစ္စည်းပြတ်သွားတော့ အဆင်မပြေဖြစ်သွားသေးတယ်။ မင်ကတော့ အခု လှိုင်လှိုင်ကြီးတော့မဟုတ်ပေမဲ့ ဝင်နေကြတာပဲ။ တရုတ်ရော ထိုင်းရောက ဝင်တာ။ ကော့သောင်း-ရနောင်းက ကွေ့ပတ်ဝင်နေကြရတာ"ဟု ၎င်းကပြောသည်။

**Source :** https://npnewsmm.com/

## ကန့်ဘလူမြို့နယ်၌ ဒေသထွက် သနပ်ခါးတုံးများ ပုံမှန်အရောင်းအဝယ်ဖြစ်



စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာအမျိုးသမီးများ ကြိုက်နှစ်သက်စွာ အသုံးပြုနေကြသည့် သနပ်ခါးပင်များ စိုက်ပျိုးထွက်ရှိရာဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာ့သနပ်ခါးသည် ကဗျာ၊ သီချင်းများစပ်ဆိုရသည်အထိ ထင်ရှားပြီး၊ ရှေးယခင်ကပင် သနပ်ခါးကို နန်းတွင်းအလှကုန်အဖြစ် အသုံးပြုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သနပ်ခါးသည် ဈေးကွက်ဝင် သဘာဝအလှကုန်ပစ္စည်းအဖြစ်ပြီး နိုင်ငံတကာတွင်လည်း စိတ်ဝင်စားမှုများလာကြောင်း၊ သနပ်ခါးသည် ကျန်းမာရေးနှင့် အလှအပတို့အတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝလက်ဆောင်တစ်ခုဖြစ်ပြီး၊ ကန့်ဘလူမြို့မဈေးတွင် ရောင်းချနေသော သနပ်ခါးတုံးများသည် ကန့်ဘလူခရိုင်အတွင်းမှ ထွက်ရှိသလို၊ ရွှေဘိုမြို့ရှိ လက်လီ၊ လက်ကားသနပ်ခါးတုံး အရောင်းဆိုင်များမှလည်း ဝယ်ယူရောင်းချကြောင်း၊ နိုဝင်ဘာလ ဒုတိယပတ်အတွင်း မြန်မာ့ရိုးရာသနပ်ခါး ၁ တုံးလျှင် ၅၀၀၀ ကျပ်၊ အသေး ၁ တုံးလျှင် ၂၀၀၀ ကျပ်နှင့် ၃ တုံးလျှင် ၅၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိရာ အရွယ်အစားနှင့် အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းများကွာခြားမှုရှိကြောင်း လုပ်ငန်းရှင်များထံက သိရသည်။

**Source : DOCA(**စစ်ကိုင်း)

## အင်ဒိုနီးရှားကော်ဖီ ရောင်းချမှုအရှိန်မြှင့်တင်ရန် အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား MoU လက်မှတ်ရေးထိုး



တောင်ကိုရီးယားရှိ အင်ဒိုနီးရှားကုန်သွယ်ရေးတာဝန်ရှိသူများနှင့် တောင်ကိုရီးယားနိုင်ငံ Goyang မြို့တော်အစိုးရသည် အင်ဒိုနီးရှားကော်ဖီအရောင်းမြှင့်တင်ရန်အတွက် MoU လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Busan မြို့တော်ရှိ အင်ဒိုနီးရှားကုန်သွယ်မှုမြှင့်တင်ရေးစင်တာ၏ အကြီးအကဲဖြစ်သူ Husodo Kuncoro Yakti က Goyang မြို့တော်အစိုးရသည်

မြို့တော်အား ၂၀၂၈ ခုနှစ်တွင် တောင်ကိုရီးယား၏ ကော်ဖီဖြန့်ဖြူးရာအချက်အချာအဖြစ်တည်ထောင်ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

Yakti ၏အဆိုအရ တောင်ကိုရီးယားတွင် ကော်ဖီသောက်သုံးမှု မြင့်တက်လာခြင်းနှင့်အတူ အင်ဒိုနီးရှားကော်ဖီ တင်ပို့သူများသည် ထိုအရှိန်အဟုန်ကို အသုံးချသင့်ကြောင်း သိရသည်။

Yakti က တောင်ကိုရီးယားတွင် ကော်ဖီသောက်သုံးမှုတည်ငြိမ်စွာမြင့်တက်လာခြင်းနှင့် Goyang မြို့တွင် ကော်ဖီဖြန့်ဖြူးမည့်စင်တာဖွင့်လှစ်မည့်အစီအစဉ်သည် အင်ဒိုနီးရှားကော်ဖီအတွက် အကျိုးကျေးဇူးရှိကြောင်းနှင့် ၎င်းတို့သည် ထိုကော်ဖီဖြန့်ဖြူးရေးစင်တာက တောင်ကိုရီးယားတွင် အင်ဒိုနီးရှားကော်ဖီသောက်သုံးမှုကို အရှိန်မြှင့်တင်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

MoU ကို Yakti နှင့် Goyang မြို့တော်ဝန် Lee Dong-hwa တို့က တောင်ကိုရီးယားနိုင်ငံတွင် နိုဝင်ဘာလ ၆ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကနဦးဆောင်ရွက်မှုတွင် အင်ဒိုနီးရှားသည် Goyang မြို့တော်နှင့်ပူးပေါင်းဆောင်ရွက်သည့် ပထမဆုံးမိတ်ဖက်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားသည် လတ်တလောတွင် တောင်ကိုရီးယားသို့ ၁၃ ခုမြောက်အကြီးမားဆုံးကော်ဖီရောင်းချသူဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား၏ ရေနံနှင့်ဂက်စ်မပာတ်သည့် ကုန်သွယ်မှုမှာ အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၁၃ ဘီလီယံရှိကြောင်း သိရသည်။

အင်ဒိုနီးရှား၏ တောင်ကိုရီးယားသို့ ရေနံနှင့်ဂက်စ်မပာတ်သည့်ထုတ်ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ၁၂ ဘီလီယံတန်ဖိုးရှိပြီး ရေနံနှင့်ဂက်စ်မပာတ်သည့်ထုတ်ကုန်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၂ ဘီလီယံတန်ဖိုးရှိကြောင်း သိရသည်။

နှစ်နိုင်ငံအကြားရေနံနှင့်ဂက်စ်မပာတ်သည့် ထုတ်ကုန်များကုန်သွယ်မှုမှာ ၂၀၂၀ မှ ၂၀၂၄ ခုနှစ်အတွင်း နှစ်စဉ် ပျမ်းမျှ ၈ ဒသမ ၈၄ ရာခိုင်နှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

**Source : DOCA (ရန်ကုန်)**

## ကမ္ဘောဒီးယားနိုင်ငံက စိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၁၁ ဒသမ ၉ သန်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့




ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း စိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၁၁ ဒသမ ၈၉ သန်းကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ကြောင်း စိုက်ပျိုးရေး၊သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနကနိုဝင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်သည့် မှတ်တမ်းအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း နိုင်ငံနှင့်ဒေသ ၉၀ သို့ ထုတ်ကုန်များတင်ပို့ရောင်းချခြင်းမှ ကန်ဒေါ်လာ ၄ ဒသမ ၁၈ ဘီလီယံရရှိခဲ့သည်။

ပြည်ပတင်ပို့သည့် ထုတ်ကုန်များမှာ ဆန်စပါး၊ ရော်ဘာ၊ ပီလောပီနံ၊ သရက်၊ ငှက်ပျော၊ ငရုတ်ကောင်း၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ဒူးရင်းသီး၊ ပြောင်းသီးနှံများဖြစ်ကြောင်း၎င်းမှတ်တမ်းအရ သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့ရာ စျေးကွက်ဖြစ်ကာ ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်နှင့် တရုတ်-ကမ္ဘောဒီးယား လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘော

တူညီချက်များကလည်း ကမ္ဘောဒီးယား၏ ထုတ်ကုန်များကို တရုတ်နိုင်ငံသို့တင်ပို့ရေးအတွက် အခွင့်အရေးများရရှိစေခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် အထည်ချုပ်၊ ဖိနပ်၊ ခရီးသွားထုတ်ကုန်၊ ခရီးသွားလုပ်ငန်း၊ ဆောက်လုပ်ရေး၊ အိမ်ရာ လုပ်ငန်းများနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးသည့်လုပ်ငန်းဖြစ်ကြောင်း သိရသည်။

**Source: ဆင်ဟွာ**

**DOCA(ပြည်ထောင်စုနယ်မြေ)**

## STOCK EXCHANGE (19.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Nov. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,651 (Shares) | 27,578,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,500 | 915 | 7,867,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,550 | 3,600 | 3,550 | 2,561 | 9,191,550 | 38,929,150 | 140,145 |
| MCB | 00003 | 7,500 | -100 | -1.32% | 7,600 | 7,600 | 7,500 | 10 | 75,400 | 10,400,986 | 78,007 |
| FPB | 00004 | 2,050 | -50 | -2.38% | 2,100 | 2,150 | 2,050 | 1,129 | 2,380,650 | 29,664,613 | 60,813 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 444 | 1,287,600 | 12,823,224 | 37,187 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 3,101 | 5,246,700 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | -50 | -1.37% | 3,600 | 3,600 | 3,600 | 4 | 14,400 | 10,497,598 | 37,791 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 487 | 1,515,050 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 18th Nov. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 395.74 | -2.59 | -0.65% | 396.96 | 397.21 | 394.91 | 8,651 | 27,578,350 | 8 | 746,442 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 19th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,544 (Shares) | 5,879,850 (MMK) |

| MYANPIX | 394.97 ▼0.77 |
|---|---|
| Total Volume (shares) | 1,544 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 744,980 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲0 |
| MTSH | 00002 | 3,550 | ▼50 |
| MCB | 00003 | 7,500 | ▲0 |
| FPB | 00004 | 2,100 | ▲50 |
| TMH | 00005 | 2,900 | ▲0 |
| EFR | 00006 | 1,650 | ▼50 |
| AMATA | 00007 | 3,600 | ▲0 |
| MAEX | 00008 | 3,100 | ▲0 |

TIR